# ပုဂ္ဂိုလ်သုံးပါးဘုရားတစ်ဆူပွဲတော်

ရှင်ယောဟန် ၃း၁၆ - ၁၈

ဘုရားဆိုတာ ကောင်းမြတ်တယ်၊ ပြည့်စုံတယ်။ မပြည့်မစုံ မလုံမလောက် မဟုတ်ဘူး။ ဒါကြောင့် ဘုရားဆိုတာ တစ်ကိုယ်ရေ တစ်ကာယသမား ပျင်းစရာကြီး မဟုတ်ဘူး။ အသင်းနဲ့ အပေါင်းနဲ့ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် နေတတ်တဲ့ဘုရား ဖြစ်တယ်။ ဒါကြောင့် ဘုရားတစ်ဆူတည်းမှာ ပုဂ္ဂိုလ်သုံးပါးရှိတယ်ဆိုတာ ပြည့်စုံခြင်းပါပဲ။ ယုတ္တိရှိပါတယ်။

ခမည်းတော်ဘုရားကို လူတွေ သိထားကြတာက ကမ္ဘာကြီးကို ဖန်ဆင်းတယ်။ ဒါကလည်း ယုတ္တိရှိပါတယ်။ အရာအားလုံးမှာ သူတို့ရဲ့ အစပင်ရင်းဆိုတာ ရှိကိုရှိရမယ်လေ။ အဲဒီအစပင်ရင်းကရော ဘယ်ကဖြစ်လာတာလဲ။ ရှင်းပါတယ်၊ အစဦးဆုံးတုံးက ဘာမျှမရှိခဲ့ပါဘူး။ ဘုရားက ဖန်ဆင်းလိုက်မှ စတင်တည်ရှိလာရတာပါ။ ကမ္ဘာဦးကျမ်းထဲမှာ ဟိုးအစဦးတုံးက ဘာမျှ မရှိသေးပေမဲ့ ဘုရားသခင်ပဲ ရှိနေတယ်။

ဘုရားသခင်ရဲ့အကြောင်းကို လူတွေ စုံစုံလင်လင် သိနိုင်ဖို့ သားတော်ဘုရား သခင်ယေရှုက လူအဖြစ်ကို ယူပြီး တရားဟောကြားတော်မူပါတယ်။ သခင်ယေရှုကို ကြည့်ခြင်းအားဖြင့် ဘုရားဆိုတာ ကောင်းမြတ်တယ်၊ ချစ်တတ်တယ်၊ ခွင့်လွှတ်သနားတတ်တယ်။တရားမျှတတယ်၊ အားလုံးစုံကို တတ်နိုင်တယ်၊ သေတဲ့လူကိုတောင် အသက်ပြန်ပေးနိုင်တယ်၊ ဒါကြောင့် သေပြီးတဲ့လူတွေကိုလည်း ကောင်းကင်ဘုံမှာ ထာဝရအသက် ရှင်စေနိုင်တယ် ဆိုတာတွေကို လူတွေက သိလာရပါတယ်။

သခင်ယေရှုက လူ့အဖြစ်နဲ့ နေထိုင်ခဲ့စဉ်တုံးက ခမည်းတော်ဘုရားထံမှာ ခဏခဏ ဆုတောင်းနေတယ်ဆိုတာ ကျမ်းစာအားဖြင့် ကျနော်တို့ သိကြတယ်။ “ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘ ” ဆိုပြီး သခင်ယေရှုက ကျနော်တို့ကို ခမည်းတော်ဘုရားနဲ့ မိတ်ဆက်ပေးထားပါတယ်။ နောက်ပြီး သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို တပည့်တော်ကြီးများအပေါ်သို့ ထင်ထင်ရှားရှား စေလွှတ်ပေးပြီး ကျနော်တို့ကို လှုံ့ဆော်ပေးဖို့ ၊ အားပေး လမ်းညွှန်ပေးဖို့ ကျနော်တို့နဲ့အတူတူ ရှိနေစေပါတယ်။ ဒါကြောင့် ဘုရားတစ်ဆူတည်းမှာ ရှိတဲ့ ပုဂ္ဂိုလ်သုံးပါးစလုံးဟာ ကျနော်တို့နဲ့ ရင်းနှီးကြပါတယ်။ မစိမ်းကြပါဘူး။

ယနေ့ ဖတ်ရတဲ့ကျမ်းစာမှာ ဘုရားသခင်က လူတွေကို ဘယ်လောက်တောင်ချစ်သလဲဆိုရင် မိမိ၏တစ်ပါးတည်းသောသားတော်ကို စွန့်သည့်တိုင်အောင် ချစ်တော်မူတယ်ဆိုတာ ဖတ်ရပါတယ်။ “သားတော်ကို ယုံကြည်သောသူဟူသမျှကို မပျက်စီးစေဘဲ ထာဝရအသက်ကို ရစေဖို့ ” တဲ့ ။ လူကို ဒီအတိုင်းပဲ မိမွေးဖမွေးအတိုင်း ပစ်ထားလိုက်ရင် ပျက်စီးဖို့ဘဲ ဖြစ်လာလိမ့်မယ်။ ဝိညာဉ်တော်အားဖြင့် အသစ်တစ်ဖန်မွေးဖွားစရာလိုတယ်။ ဘုရားသခင်ရဲ့စကားကို နားထောင်စရာ လိုတယ်။ ဘုရားသခင်ရဲ့ ချစ်စရာကောင်းလှတဲ့အစီအစဉ်က လူတွေကို ဖန်ဆင်းမယ်၊ ပွားများလာစေမယ်၊ အဲဒီလူတွေက လောကမှာ ဖန်ဆင်းရှင်ဘုရားရဲ့ လက်ရာတော်အတိုင်း ချစ်ခြင်းမေတ္တာထားပြီး နေထိုင်ကြမယ်၊ သေပြီးရင် ဘုရားနဲ့အတူ ကောင်းကင်ဘုံမှာ ထာဝရအသက်ရှင်ကြမယ်လို့ စီစဉ်ထားတာ။ အခုတော့ လူတွေက ဘုရားသခင်ရဲ့စကားကို နားမထောင်ကြလို့ မသေခင် ဒီလောကမှာရော သေပြီးနောင်ဘဝမှာရော ပျက်စီးကြရတော့မယ်။ မသေခင်ကတည်းက

ပျက်စီးကြရတယ်ဆိုတာကို ပြောချင်လို့ ယနေ့ကျမ်းစာထဲမှာ ယေရှုဘုရားရှင် မိန့်တော်မူထားတာကို ကြည့်ပါ။ “ မယုံကြည်သောသူသည်ကား အပြစ်စီရင်ခြင်းကို ခံရလေပြီ ” (ခံရလေပြီ) တဲ့ ၊ ခံရလိမ့်မည်လို့ ရေးမထားဘူးနော်၊ သေမှ၊ နောင်ဘဝမှ ခံရလိမ့်မည်လို့ ရေးမထားဘူး။ ယခုပင် ခံရလေပြီ လို့ ဆိုလိုတဲ့အတိုင်းပဲ ဘုရားကို မယုံ၊ ဒါကြောင့် ဘုရားရဲ့ ချစ်ရမယ်ဆိုတဲ့တရားတော်ကိုလည်း အယုံအကြည်မရှိလို့ ချစ်ခြင်းနဲ့လည်း မနေထိုင်။ ဒါကြောင့် သူ့မှာ အမုန်းတရားတွေ ပွါးပြီး မာန၊ ဒေါသ၊ မနာလိုခြင်းတွေနဲ့ အခုလက်တွေ့ ပူလောင်နေရတာတွေကို သင်ကိုယ်တိုင် မြင်တွေ့နေရတယ် မဟုတ်ဘူးလား။ ဒါကြောင့် အဲ့ဒီလို မပျက်စီးစေချင်ရင် ဘုရားကို ယုံပါ၊ သူ့ရဲ့ တရားတော်အတိုင်း ကျင့်ကြံနေထိုင်ပါ။ ဘာကြောင့်လဲဆိုတော့ လူကို ဖန်ဆင်းတဲ့ဘုရားက လူဟာ ဘယ်လိုနေထိုင်မှ အဆင်ပြေလိမ့်မယ်ဆိုတာ သိထားလို့ပါပဲ။ ဖန်ဆင်းရှင်ဘုရားက ချစ်တတ်တယ်။ လူဟာ ဖန်ဆင်းရှင်ရဲ့လက်ရာဖြစ်လို့ ဖန်ဆင်းရှင်လို ချစ်တတ်ရမယ်၊ မချစ်ပဲ နေလို့ မရဘူး။ အချစ်မခံရပဲနေလို့ မပြည့်စုံဘူး၊ မချစ်ပဲနေကြည့်ပါ့လား သူ့ဘဝမှာ ကမောက်ကမ ဖြစ်နေမယ်၊ ဂယောင်ချောက်ခြား ဖြစ်နေမှာပဲ။ မပြည့်စုံနိုင်ဘူး။ ပန်းချီကားချပ်က ပန်းချီဆရာရဲ့လက်ရာဖြစ်လို့ ပန်းချီကားချပ်ကို ကြည့်ခြင်းအားဖြင့် ပန်းချီဆရာကို တွေးမြင်နိုင်ပါတယ်။

“သားတော်ကို ယုံကြည်သောသူဟူသမျှသည် မပျက်စီးစေဘဲ ထာဝရအသက်ကို ရတယ်” ဆိုတာကို တယူသန်ဆံဆံ အဓိပ္ပါယ် မကောက်သင့်ပါဘူး။ ဘယ်လိုလူဟာ သားတော် ယေရှုဘုရားရှင်ကို တကယ်ယုံကြည်သောသူ ဖြစ်ပါသလဲ။ သားတော် ယေရှုဘုရားရှင်ကို တကယ်ယုံကြည်တယ်ဆိုရင် ယေရှုဘုရားရှင်ရဲ့ တရားတော်ကို သဘောတူကြိုက်နှစ်သက်တဲ့လူ၊ ဒါကြောင့် ကိုယ့်ဘဝမှာ တရားတော်ကို ကျိုးစားကျင့်ဆောက်တည်နေတဲ့သူ ဖြစ်ပါတယ်။ တရားတော်ကို အကုန်အစင် ကျင့်နိုင်ရမယ်လို့ မဆိုလိုပါဘူး။ ဥပမာ ပြရမယ်ဆိုရင် လက်ဝါးကားတိုင်ပေါ်က ကောင်းသောသူခိုးကို ကြည့်ပါ။ သူက တရားတော်ကို ကျင့်ဆောက်တည်ဖို့ အားနည်းခဲ့တယ်။ ဒါကြောင့် သူတစ်ပါး ပစ္စည်းဥစ္စာကို ခိုးခဲ့တယ်။ တစ်ခြားအပြစ်တွေလည်း ရှိကောင်းရှိဦးမယ်။ ထားပါတော့၊ အဲဒါ ယေရှုဘုရားရှင်ကို မယုံကြည်ခင်တုံးက ဘဝဟောင်းပါ။ ယုံကြည်ပြီးတဲ့နောက်ပိုင်း သူ ခိုးမှာ မဟုတ်တော့ဘူး၊ သေချာတယ်။ အခု သူတစ်ပါးက မတရားသဖြင့် မဟုတ်မမှန်စွပ်စွဲပြီး ကားတိုင်ပေါ်မှာ ဒုက္ခခံနေတဲ့ယေရှုဘုရားရှင်ကို တွေ့ထိခံစားရပြီး ဘုရားသခင်ကို ယုံကြည်လာပါတော့တယ်။ ဒါကြောင့် “ အို ယေရှု၊ ကိုယ်တော်၏နိုင်ငံတော်သို့ ကြွဝင်သောအခါ ကျွန်ုပ်ကို သတိယတော်မူပါ” လို့ သူ ယုံယုံကြည်ကြည် တောင်းလျှောက်နိုင်တာပေါ့။

“မယုံကြည်သောသူသည်ကား အပြစ်စီရင်ခြင်းကို ခံရလေပြီ။ အကြောင်းမူကား ဘုရားသခင်၏တစ်ပါးတည်းသောသားတော်၏နာမတော်ကို မယုံကြည်သောကြောင့်ပင်တည်း” သားတော် ယေရှုဘုရားရှင်ကို မယုံကြည်ဘူးဆိုတာက ယေရှုဘုရား ဟောကြားတော်မူတဲ့ ချစ်ရမယ်ဆိုတဲ့တရားကို လက်မခံပဲ အမုန်းပွါးနေလို့ ပျက်စီးရတာပါ။ အဲလို အမုန်းပွါးနေရင် အမုန်းတွေပဲ ပြန်ရမှာပေါ့။ ကိုယ်စိုက်ခဲ့တဲ့အတိုင်း ကိုယ်က ပြန်ရိတ်သိမ်းရမှာပဲ။ အမုန်းတရားတွေ စိုက်ခဲ့ပြီး ချစ်ခြင်းမေတ္တာတွေကို ရိတ်သိမ်းရလိမ့်မယ် မထင်နဲ့။

“မယုံကြည်သောသူ” ဆိုတာ ရိုးရိုးသားသားနဲ့ ယေရှုဘုရားရှင်အကြောင်းကို မကြားဖူးလို့

ဘာကို ယုံရမှန်းကို မသိလို့ ဒီအတိုင်းနေ နေတဲ့လူတွေကို ပြောတာ မဟုတ်ပါဘူး။ ယေရှုဘုရားအကြောင်းကို သိတယ်၊ တရားအကြောင်းကို နားလည်တယ်၊ သက်သက်မဲ့ ငြင်းပယ်တဲ့လူကို ပြောတာပါ။ ဒါကြောင့် ဘုရားမဲ့ဝါဒသမားထက် လောကဆံတဲ့လူတွေက ပိုကြောက်စရာကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားမဲ့ဝါဒသမားကို ဘုရားတရားအကြောင်းရှင်းပြလို့ သူက နားလည်သဘောပေါက်ရင် လမ်းမှန်ရောက်နိုင်ပါသေးတယ်။ လောကဆံတဲ့လူတွေကျတော့ ဘုရားကို သက်သက်မဲ့ ငြင်းပယ်ထားကြတယ်။ ဒါကြောင့် သူတို့အတွက်တော့ ဘုရား မရှိလည်း အရေးမကြီးဘူး၊ ဘုရားရှိလည်း ထည့်တွက်စရာ မလိုဘူးဆိုတဲ့ စိတ်ထားတွေ ရှိကြတယ်။ သူတို့ဘဝမှာ ဘုရားဆိုတာ မရှိတော့သလို ဘုရားရိပ်တရားရိပ်လည်း မခံစားရတော့ဘူး။

ဘာသာသူတို့ ဘုရားတစ်ဆူတည်းမှာ ပါဝင်ပေါင်းစပ်နေတဲ့ ခမည်းတော်ဘုရား၊ သားတော်ဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားဟာ ကျနော်တို့ လူတွေကို ထိထိရောက်ရောက် ကူညီစောင့်မပေးနေပြီး ဘုရားနဲ့ တန်းတူ ထာဝရအသက်ရှင်စေမှာမို့ တစ်ဆူတည်းသောဘုရားကို ရှိခိုးကိုးကွယ်ကြပါစို့။ ဖန်ဆင်းရှင်ဘုရားသခင်ရဲ့ အစီအစဉ်အတိုင်း ၊ ဖန်ဆင်းရှင်ရဲ့လက်ရာတော်အတိုင်း ချစ်ခြင်းမေတ္တာထားပြီး ရှင်သန်ကြပါစို့။ ဘာဖြစ်လို့လဲဆိုတော့ “ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။” တဲ့ ။

နားဆင်သူ အားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။